# အသိပေးကြေညာချက်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန အနေ ဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက် နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ၂၀၁၇ စတင် အာဏာတည်ပြီး ဥပဒေ ပြဋ္ဌာန်းချက် များနှင့်အညီ အီလက်ထရောနစ် ကုမ္ပဏီ မှတ်ပုံ တင်စနစ် (MyCO) အား စတင်အသုံးပြု လျက် ရှိရာ မှတ်ပုံတင်ထားသော ကုမ္ပဏီများနှင့် စပ်လျဉ်းသော မှတ်ပုံတင် ဆိုင်ရာ အချက်အလက် များနှင့် စာရင်းများအား အများ ပြည်သူမှ ရယူနိုင်ရန် စီစဉ်ဆောင်ရွက် ထားပြီးဖြစ်ပါသည်။

အများ ပြည်သူအနေဖြင့် ကုမ္ပဏီအမည်၊ ကုမ္ပဏီ မှတ်ပုံတင် အမှတ်/ရက်စွဲ၊ ကုမ္ပဏီလိပ်စာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏အမည်များအား အခမဲ့ တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ဥပမာအားဖြင့် လက်ရှိကာလတွင် မီဒီယာ အချို့က ဤရုံးသို့ မေးမြန်းကြသည့် Sun Apex Holdings Limited (Branch Office) နှင့် SHAN YOMA CEMENT COMPANY LIMITED တို့၏ မှတ်ပုံတင်စာရင်းအား ဝင်ရောက်ကြည့်ရှုပါက အောက်ဖော်ပြပါ အချက်အလက်များအား အခမဲ့ တွေ့မြင်နိုင်မည် ဖြစ်ပါ သည်-

| | | | | |
|---|---|---|---|---|
| ၁။ | **ကုမ္ပဏီ အမည်** | – | Sun Apex Holdings Limited (Branch Office) | SHAN YOMA CEMENT COMPANY LIMITED |
| ၂။ | **မှတ်ပုံတင် အမှတ်/ရက်စွဲ** | – | 101064417 (20/08/2018) | 134879211 (07/09/2001) |
| ၃။ | **ရုံးခန်း လိပ်စာ** | – | PAUNG LONG (18) STREET, 1356 PYINMANA, NAYPYITAW, MYANMAR | SHAN YOMA CEMENT FACTORY, PANGPET,TAUNGGYI TOWNSHIP, SHAN STATE, MYANMAR |
| ၄။ | **ဒါရိုက်တာ အဖွဲ့ဝင်များ** | – | (က) U MYO THANT **************234<br>(ခ) U MYO YIN **************837 | (က) DAW YEE WYNE OO **************830<br>(ခ) U HLA MYO **************549<br>(ဂ) U MAUNG MAUNG MYINT **************202<br>(ဃ) U MOE SAN AUNG **************072<br>(င) U YAN WIN **************873<br>(စ) U YE MYINT **************231 |

ကုမ္ပဏီ၏ အသေးစိတ်အချက်အလက်များကို ပိုမိုသိရှိလိုပါက မိမိသိရှိလိုသော ကုမ္ပဏီတစ်ခု၏ အချက်အလက်များ (Company Extract) ကို MyCO သို့ သတ်မှတ် အခကြေးငွေ (တစ်သောင်း ကျပ်) ပေးသွင်း၍ မည်သူမဆို ရှာဖွေကြည့်ရှုနိုင်ပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူအနေဖြင့် ပြင်ပတွင် ကြားသိရသော ကုမ္ပဏီဆိုင်ရာ သတင်း အချက်အလက်များကို အီလက်ထရောနစ် မှတ်ပုံတင်စနစ် Myanmar Companies Online (MyCO) www.myco.dica.gov.mm တွင် ဝင်ရောက်ကြည့်ရှုခြင်းဖြင့် အတည်ပြုနိုင်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန